# သပ္ပါယလေးထွေ ပြည့်စုံစေဖို့

အရှင်ပညာသီဟ၊ နယူးဂျာစီ
8-18-2014

တရားရှုမြင် သူတော်စင်တို့ ဝိပဿနာတရားကိုပွားများအားထုတ်ရာ၌ တရားထူး တရားမြတ် ရစေရန်အတွက် သင့်တင့်လျောက်ပတ်မှု သို့မဟုတ် အဆင်ပြေမှုရှိဖို့ အလွန်အရေးကြီးသည်။ သင့်တင့်လျောက်ပတ်မှု အဆင်ပြေမှုကို ပါဠိလို "သပ္ပါယ" ဟု ခေါ်သည်။ ပုဂ္ဂလ–သပ္ပါယ၊ အာဝါသ–သပ္ပါယ၊ ဥတု–သပ္ပါယ၊ ဘောဇန–သပ္ပါယ ဟု သပ္ပါယ လေးမျိုးရှိရာ တရားအားထုတ်သည့်အခါ တရားအားထုတ်ဖော် အားထုတ်ဘက်၊ တရားပြဆရာ၊ ကူညီစောင့်ရှောက်သူ စသည်တို့နှင့် အဆင်ပြေမှုကို "ပုဂ္ဂလ–သပ္ပါယ"ဟု ခေါ်သည်။ မျှတသည့် ရာသီဥတု အပူ အအေးစသည်တို့နှင့်အဆင်ပြေမှုကို "ဥတု–သပ္ပါယ" ဟုခေါ်သည်။ မိမိနှင့်သင့်မြတ်သည့် အစားအသောက် လုံလောက်စွာရရှိမှုကို "ဘောဇန–သပ္ပါယ" ဟုခေါ်သည်။ တရားအားထုတ်ရန် နေရာထိုင်ခင်း စသည်တို့နှင့် ပြည့်စုံမှု အဆင်ပြေမှုကို "အာဝါသ–သပ္ပါယ" ဟုခေါ်သည်။

ဒကာ၊ ဒကာမအများတို့ ဝိပဿနာတရားအားထုတ်ရာ၌ နေရာထိုင်ခင်းအဆင်ပြေစေရန် (အာဝါသ–သပ္ပါယနှင့်ပြည့်စုံစေရန်)စိတ်ရည်သန်၍ အမေရိကန်–မြန်မာဗုဒ္ဓဘာသာအသင်းကြီး၏ ဦးဆောင် ဆရာတော်များ၊ သံဃာတော်များ၊ အမှုဆောင် လူကြီးများ၊ အစားအစာ စီမံချက်ပြုတ်သူ၊ ဝေယျာဝစ္စဆောင်ရွက်သူများ၊ လုပ်အားပေးသူများ၊ အလှူ့ရှင် ဒကာ ဒကာမများတို့၏ မဆုတ်မနစ်သော ကြိုးပမ်းအားထုတ် ဆောင်ရွက်မှုတို့ဖြင့် အမေရိကန်နိုင်ငံ၊ နယူးဂျာစီ ပြည်နယ်၊ မနာလပန် မြို့နယ်တွင် စေတီတော်တစ်ဆူနှင့် မဟာစည်သတိပဋ္ဌာန်ရိပ်သာကြီးကို တည်ဆောက်နေရာ ယခုအခါ အတော်အသင့်ပြီးစီးနေပြီဖြစ်ပါသည်။

အမေရိကန်–မြန်မာဗုဒ္ဓဘာသာအသင်းကြီး၏ဘဏ်စာရင်းရှိ ဒေါ်လာ ငါးသိန်းမျှလောက်ဖြင့် စေတီတော်ကို ၂၀၀၅–ခုနှစ်တွင်လည်းကောင်း၊ ယောဂီကျောင်းဆောင်ကြီးကို ၂၀၁၀ – ခုနှစ်တွင် လည်းကောင်း စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ ထိုသာသနာ့အဆောက်အအုံများကို ဆောက်လုပ်ရာ၌ ကုန်ကျစရိတ်မှာ ဒေါ်လာ နှစ်သန်းနီးပါးမျှ ရှိနေပြီ ဖြစ်ပါသည်။ ယခုအချိန်အထိ ငွေကြေး ချေးငှားရခြင်းမရှိသေးဘဲ ပြီးသမျှအတွက် ကုန်ကျစရိတ်ကို ပေးချေနိုင်နေသေး၍ အကြွေးမရှိသဖြင့် အလှူ့ရှင်တို့၏စေတနာကို အေ–ဘီ– ဘီ–အေ အသင်းကြီးက ဝမ်းမြောက်စွာ သာဓုခေါ်ကာ ကျေးဇူး အထူးတင်ပါသည်။ တစ်လုံးတစ်ခဲတည်း အများကြီးမဟုတ်သော်လည်း အခါအခွင့်သင့်သည်အားလျော်စွာ မိမိတို့တတ်အားသမျှ လှူဒါန်းငွေများဖြင့် သာသနာ့ အဆောက်အအုံသစ်များ ငွားငွားစွင့်စွင့် တင့်တင့်တယ်တယ် ထယ်ထယ်ဝါဝါ ပေါ်ပေါက်လာသည်ကို မြင်တွေ့ကြသည့် ဒကာ ဒကာမများသည်လည်း ဝမ်းသာပီတိ သာဓုခေါ်မိကြပါသည်။

ယောဂီဆောင်ဆောက်လုပ်ခြင်းကို ၂၀၁၄–ခုနှစ်တွင် အပြီးသတ်ရန် ဆောက်လုပ်ရေးကုမ္ပဏီအား ပြောထားပြီးဖြစ်၍ ၂၀၁၅–ခုနှစ်တွင် ရိပ်သာဆောင်အဖြစ် အသုံးပြုနိုင်လိမ့်မည် ဟု မျှော်လင့်ရပါသည်။ ထိုအခါ တရားအားထုတ်သူများအတွက် တရားထူးတရားမြတ်ရရန် အကြောင်းအထောက်အပံ့တစ်ခုဖြစ်သည့် အာဝါသ–သပ္ပါယနှင့်ပြည့်စုံပါတော့မည်။

တရားအားထုတ်လိုသူ ဒကာ ဒကာမများကလည်း ယောဂီကျောင်းဆောင်ကြီးပြီးလျှင် နယူးဂျာစီသို့ လာရောက်၍ တရားအာထုတ်မည်ဟု အားခဲနေကြရာ တစ်နေ့တွင် ဒကာမကြီးနှစ်ယောက်က “ဆရာတော်ဘုရား၊ ရိပ်သာဆောင်ကြီးက ဘယ်တော့ပြီးမှာလဲဘုရာ့” ဟု စာရေးသူကို မေးရာ “ပြီးတော့ပြီးခါနီးနေပါပြီ ဒကာမကြီးရဲ့၊ ဒီနှစ် ၂၀၁၄–ထဲ ပြီးဖို့ ကြိုးစားပြီး ခိုင်းနေရတာပဲ” ဟု ဖြေမိသည်။ “ဒီလိုဆိုရင် ၂၀၁၅–ခုမှာ မြန်မာပြည်က ဆရာတော်ကြီးတွေကိုပင့်ပြီး တရားစခမ်းဖွင့်လို့ ရပြီပေါ့ဘုရာ့” “ဖြစ်နိုင်လောက်ပါတယ် ဒကာမကြီးရဲ့၊ ဒါပေမယ့် ဒီနိုင်ငံက စည်းကမ်းအရမ်းကြီးတော့ အစစအရာရာကိုစစ်ဆေးပြီးမှ အဆောက်အအုံကို နေထိုင်ခွင့် အသုံးပြုခွင့်လက်မှတ် ထုတ်ပေးမှာ။ အဲဒီလက်မှတ်ရရင်တော့ ဒကာမကြီးတို့ မျှော်မှန်းသလို ဖြစ်မှာပါ” ဟု စာရေးသူနှင့် ဒကာမကြီးတို့စကားပြောနေခိုက် စေတီတော်နှင့်ကျောင်းဆောင် ဆောက်လုပ်ရေးတွင် အခကြေးငွေ တစ်ပြားတစ်ချပ်မှမယူဘဲ ကိုယ်ဖိရင်ဖိ အချိန်ပြည့်ဆောင်ရွက် ပေးနေသူ အင်ဂျင်နီယာ ဒကာကြီး ဦးမောင်မောင်က “တရားစခမ်းဖွင့်တာတော့ ဟုတ်ပါပြီ၊ တရားစခမ်းမှာ အစားအသောက်ကို ဘယ်သူတွေ တာဝန်ယူပြီး ချက်ပေးကြမလဲ”ဟု ကြားဖြတ် မေးရာ၊ ဒကာမကြီးက “အဆင်သင့်ချက်ပြီးသားတွေကို ဆိုင်ကမှာယူပြီး ရေခဲသေတ္တာထဲ ထည့်ထား၊ နောက်မှ နွှေးပြီးစားရင် ရပါတယ်” ဟု ပြန်ဖြေသည်။ တရားအားထုတ်ရာတွင် သင့်တော်သည့် အစားသောက်နှင့်ပြည့်စုံရန် (ဘောဇန–သပ္ပါယပြည့်စုံစေရန်)လည်း လိုအပ်သေးသည်။ ဓမ္မပဒ အဋ္ဌကထာလာ မာတိကမာတာဝတ္ထုတွင် တရားကို ရှိရှိသေသေ လေးလေးစားစား ကြိုးစား၍ အားထုတ်နေကြသော်လည်း တရားထူးမရနိုင်သေးသည့် ရဟန်းတော်များ၏ အခြေအနေကို ကြည့်ကာ အစားအသောက် အဆင်ပြေအောင် မာတိကမာတာ–ဒကာမကြီး၏စီမံပေးမှုကြောင့် ရဟန်းတော်များ တရားထူးရသွားသည်ကို ကြည့်ခြင်းအားဖြင့် ဘောဇန–သပ္ပါယသည်လည်း အရေးကြီးလှသည်ကို တွေ့ရသည်။ တရားအားထုတ်ရာတွင် အစားကို ဂျီးမများဘဲ ရသမျှဖြင့် တင်းတိမ်ရောင့်ရဲကာ တရားကိုသာ ကြိုးစားအားထုတ်ပါလျှင် ဘောဇန–သပ္ပါယ ဖြစ်ဖို့ ခက်ခဲမည် မဟုတ်ပေ။

တရားအားထုတ်ရာ၌ပြည့်စုံရမည့်သပ္ပါယတစ်ခုမှာ ပုဂ္ဂိုလ်အချင်းချင်းအဆင်ပြေမှု (ပုဂ္ဂလ–သပ္ပါယ)ဖြစ်သည်။ မေတ္တာသုတ်ဟောရခြင်း၏အကြောင်းရင်းမှာ တရားအားထုတ်သူ ရဟန်းတော်တစ်စုတို့နှင့် သစ်ပင်စောင့်နတ်တို့ အဆင်မပြေမှုကြောင့် ဖြစ်သည်။ သစ်ပင်စောင့်နတ်များက သူတို့နေရာသစ်ပင်များအောက်တွင် ရဟန်းတော်များတရားအားထုတ်သည့်အခါ ရဟန်းတော်များ၏

သီလ သမာဓိကြောင့် သူတို့မှာ သူတို့နေရာတည်ရှိရာသစ်ပင်တွေမှဆင်းပြီး မြေကြီးပေါ် နေရသည်။ မိမိတို့နေထိုင်ရာနေရာတွင် မနေရသဖြင့် အလွန်ဆင်းရဲဒုက္ခရောက်သော်လည်း တစ်နေ့ ပြန်နိုး ပြန်နိုးနှင့် သည်ခံ၍စောင့်နေကြသည်။ သို့သော် ရဟန်းတော်များက ထိုနေရာမှမပြန်ဘဲ ဆက်ပြီးတရားအားထုတ်နေသဖြင့် သူတို့နေရာက မြန်မြန်ပြန်ထွက်သွားအောင် ရဟန်းတော်များကို အနှောက်အယှက်ပေးတော့သည်။ ထိုအခါရဟန်းတော်များမှာ သမာဓိမရ တရားထူး မရဘဲ ရောဂါကိုပဲရကြသည်။ ထို့ကြောင့် သူတို့တရားအားထုတ်သည့်နေရာသည် သူတို့အတွက် အဆင်မပြေကြောင်း (အာဝါသ−သပ္ပါယ)မဖြစ်ကြောင်း၊ ထို့ကြောင့် အခြားတစ်နေရာကို သွား၍ တရားအားထုတ်ရန် ဘုရားရှင်ကို လျှောက်သည်။ ဘုရားရှင်က ထိုနေရာသည်သာ ရဟန်းတော်များအတွက် တရားထူးရနိုင်ကြောင်း၊ သစ်ပင်စောင့်နတ်များနှင့်အဆင်မပြေ၍သာ (ပုဂ္ဂလ−သပ္ပါယ)မဖြစ်၍သာ တရားထူးမရနိုင်ကြသေးကြောင်းကို သိတော်မူသဖြင့် နတ်များနှင့် ပုဂ္ဂလ−သပ္ပါယဖြစ်ရန် ရဟန်းတော်များအား မေတ္တာသုတ်ကို သင်ပေးတော်မူသည်။ ရဟန်းတော်များက ထိုနေရာသို့ပြန်ကြွ၍ ဘုရားရှင်သင်ပေးသည့် မေတ္တာသုတ်ကို ရွတ်လည်းရွတ်ဖတ်၊ မေတ္တာသုတ်လာ ကျင့်စဉ်များကိုလည်း ကျင့်ပွားသည့်အခါ နတ်များ၏ချစ်ခင်မှုကိုရရှိကြသည်။ ထို့နောက် အနှောက်အယှက်ကင်းစွာ တရားအားထုတ်ရသဖြင့် တရားထူးတရားမြတ်ရကာ ရဟန္တာမထေရ်များ ဖြစ်ကြသည်။

တရားစခမ်း၌ ယောဂီများသည် အချင်းချင်းစကားမပြော၊ အကြည့်ခြင်း မဆိုင်၊ မိမိလုပ်ရမည့် တာဝန်ကို မိမိထမ်းဆောင်၊ မိမိကြောင့်ဖြစ်ပေါ်လာသည့်အညစ်အကြေးကို မိမိသန့်စင်၊ မိမိအပြုအမူကြောင့် အခြားသူများကို အနှောက်အယှက်မဖြစ်စေရန် မေတ္တာဖြင့် ဆင်ခြင်၍နေထိုင်ပါလျှင် တရားအားထုတ်ရာတွင်လိုအပ်သည့် ပုဂ္ဂလ−သပ္ပါယ သည်လည်း အလိုလို ပြည့်စုံနိုင်ပါသည်။

တရားထူးတရားမြတ်ကိုရစေရာ၌ အထောက်အကူပြုသည့် အခြားသပ္ပါယတစ်ခုမှာ ဥတု−သပ္ပါယ ဖြစ်ပါသည်။ ဥတု−သပ္ပါယ ဆိုသည်မှာ အပူအအေးမျှတမှုနှင့်ပြည့်စုံရန် ဖြစ်သည်။ အအေးဓာတ် လွန်ကဲခြင်း၊ အပူဓာတ် လွန်ကဲခြင်းစသည့်အခြေအနေများတွင် တရားအားထုတ်လျှင် ကျန်းမာရေးထိခိုက်နိုင်ပါသည်။ အပူအအေးမျှတသည့် အခြေအနေတွင် ကျန်းမာရေးပြည့်စုံစွာဖြင့် တရားအားထုတ်ပါက တရားထူး တရားမြတ် မြန်မြန်ရနိုင်ပါသည်။

ထို့ကြောင့် တရားအားထုတ်ရာ၌ ဥတု−သပ္ပါယ မျှတစေရန် နယူးဂျာစီ၊ မဟာစည် သတိပဋ္ဌာန် ရိပ်သာကြီး၏ ဆောက်လုပ်ဆဲယောဂီကျောင်းဆောင်ကြီးတွင် လေအေးပေးစက် တပ်ဆင်ခြင်း၊ အနွေးပေးစက်တပ်ဆင်ခြင်းများကို မဖြစ်မနေထည့်သွင်း ပြုလုပ်ရပါသဖြင့် ထိုသို့ပြုလုပ်နိုင်ရန် အလှူငွေများလက်ခံလျက်ရှိရာ လှူဒါန်းနိုင်ပါကြောင်းကို ထပ်လောင်း၍ အသိပေးလိုက်ရပါသည်။

Aircon Donation Requirement for New Temple

| | | |
|---|---|---|
| 24,000Btu (4) | 4,500.00 | 18,000.00 |
| 12,500 Btu (2) | 3,000.00 | 6,000.00 |
| 6,000 Btu (16) | 2,000.00 | 32,000.00 |
| | | -------------- |
| | | 56,000.00 |

Donors of 24,000 Btu Aircon

1. Daw Lilly Win and family in memory of U Myo win 4,500.00
2. Daw Khin Than Myint Swe & Melvin Myint Swe family 3,500 .00
3.
4.

Donors of 12,500 Btu Aircon

1. Daw Lilly Win and family in memory of U Myo win 3,000.00
2. U Tun Myint, Daw Khin May Pyone and daughter Su Thet 3,000.00

Donors of 6000 Btu Aircon

1. Dr Tun Nyunt, Dr. Khin Mi Mi Thein, daughter Thiri Kay Thwe Nyunt and son Thadoe Nyunt 2,000.00
2. In memory of parents U Hoke Thwin, Daw Khin Ti and big brother U Myo Win from their family. 2,000.00
3. ဦးဆွေထွန်း +ဒေါ်သိင်္ဂီလွင်၊ လင်းခိုင်အောင်၊ Alex + ခင်မေတ္တာထွန်း၊ ဖူးဖူးထွန်း နှင့် လတ်စန္ဒီလွင် 2,000.00
4. Dr. Myo Tun + Kay T. Swe (Daughter) Precious K. Tun & (Son) Everett K. Tun 2,000.00
5.
6.
7.
8.
9.
10.
11.
12.
13.
14
15.
16.